Karenni National Progressive Party (KNPP)
Headquarters

P.O Box-6, A. Muang, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com
Mobile Phone: G.S: +66(0) 8 9553 1296, S.1: +66(0) 6 1313 7004, S.2: +66(0) 6 3074 9087

# (၇၄) နှစ်မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုဌာနချုပ်၏ သဝဏ်လွှာ

လေးစားရပါသော မိဘပြည်သူများ၊ ခုခံတော်လှန်ရေး ရဲဘော်များနှင့် ခေါင်းဆောင်အပေါင်းတို့ -

ယနေ့တွင် ကျရောက်သည့် (၇၄) နှစ်မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ အခါသမယ၌ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သီးခြားလွတ်လပ်ခဲ့သော မိမိတို့၏ကရင်နီပြည်ကို နယ်ချဲ့ ဖဆပလ အစိုးရမှ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့တွင် အကြမ်းဖက်သောနည်းဖြင့် လာရောက်ကျူးကျော်ထိပါးခြင်းကို ပြန်လည်ခုခံတော်လှန်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း (၇၄) နှစ် တိုင်တိုင် ရှိခဲ့ပါပြီ။ ရရာလက်နက် ဆွဲကိုင်ပြီး ခုခံတော်လှန်ခြင်းသည် သူတပါးအား ရန်လိုတိုက်ခိုက်ခြင်း မဟုတ်ဘဲ ကျဆုံးသွားသော မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြန်လည်ရရှိရေး၊ မိမိတို့အပေါ် ကျရောက်သော မတရားမှုကို အန်တုခြင်းနှင့် ကရင်နီအမျိုးသားအပေါင်းတို့ ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရန် ဆင်နွှဲသည့် တရားသော ခုခံစစ်ဖြစ်ပါသည်။

ကရင်နီအမျိုးသားတို့၏ ခုခံတော်လှန်ရေးသည် နှစ်ပေါင်း (၇၄) နှစ်တိုင် ကြာရှည်ပြီဖြစ်သော်လည်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိခြင်း မရှိသေးပါ။ ခေတ်အဆက်ဆက်မှ ဖိနှိပ်သူအာဏာရှင်တို့နှင့် မဟာလူမျိုးကြီးဝါဒီများ၏ လက်အောက်တွင် မိမိတို့ ကရင်နီအမျိုးသားတို့သည် မွေးရာပါအခြေခံအခွင့်အရေးများဖြစ်ကြသော အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်စွာသွားလာလုပ်ကိုင်ခွင့်၊ ယဉ်ကျေးမှုနှင့်ဘာသာစကားထိန်းသိမ်းပိုင်ခွင့်၊ နိုင်ငံရေးအခွင့်အရေး အစရှိသည်တို့ကို နေ့စဉ်နှင့်အမျှ ဆုံးရှုံးနေရပါသည်။ ၂၀၂၁ ခုနှစ်၊ မြန်မာ့တပ်မတော်မှ တိုင်းပြည်အာဏာကို မတရားသိမ်းယူပြီးနောက် ကရင်နီလူထုများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများသည် မျက်ဝါးထင်ထင်မြင်ရသော နာကြည်းစရာသာဓကများဖြစ်ပါသည်။

သို့ရာတွင် မိမိတို့ ကရင်နီအမျိုးသားတို့သည် မတရားမှုကို ငြိမ်ခံသူများမဟုတ်ဘဲ ရှိလေရာအရ၊ ရသည့်နည်းဖြင့် ခုခံတွန်းလှန်ကြစမြဲဖြစ်သည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း အလွှာအသီးသီး၊ နေရပ်အသီးသီးမှ ကရင်နီလူထုတစ်ရပ်လုံး၏ စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်မှန်သမျှ

ကျရှုံးရေးတိုက်ပွဲသည် ကရင်နီတို့၏ သူ့ကျွန်မခံလိုသော စိတ်ဓါတ်ကို ပြသသော သာဓကကောင်း တစ်ခု ဖြစ်ပါသည်။

သို့ဖြစ်လင့်ကစား မိမိတို့၏ ခုခံတော်လှန်ရေး ပိုမိုအားကောင်းလာစေရန်နှင့် အမြန်ဆုံးအောင်မြင်နိုင်ရေးအတွက် မိမိတို့သည် ကရင်နီအမျိုးသားထုတစ်ရပ်လုံး၏ ဘုံအကျိုးစည်းပွားကို ဦးထိပ်ထားရန် လိုအပ်ပေသည်။ မျက်တောင်တစ်ဆုံး မဟုတ်ဘဲ မျက်စိတစ်ဆုံး ရှေ့ရှုပြီး စည်းလုံးညီညွတ်ရန် အထူး လိုအပ်ပေသည်။ လက်ရှိ အခြေအနေတွင် မိမိတို့ကို လူမှုရေး၊ နိုင်ငံရေးနှင့် စစ်ရေးအရ သွေးခွဲနေသည့် အချိန်အခါဖြစ်သဖြင့် တော်လှန်ရေးသတိ အမြဲရှိနေရမည့်အချိန် ဖြစ်ပါသည်။ အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ဒေသတစ်ခုအတွက်ကိုသာ ကြည့်ခြင်းမဟုတ်ပဲ ရေရှည်တည်တန့်မည့် ကရင်နီအမျိုးသားတို့၏ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ နိုင်ငံရေးအခွင့်အရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရည်မျှော်ပြီး အားလုံးအတူတကွ တိုက်ပွဲဝင်သွားရန် လိုအပ်ပါသည်။

ယနေ့ မိမိတို့ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေးအကြပ်အတည်းသည် အထွတ်အထိပ်သို့ ရောက်ရှိနေသောကာလ ဖြစ်သလို မိမိတို့နိုင်ငံတွင် မကြုံစဖူးသော တော်လှန်ရေးစိတ်ဓါတ်အသစ်နှင့် ပူးပေါင်းဆောင်ရွက်မှုအသစ်များကိုလည်း နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးများ အကြားတွင် မြင်တွေ့ရပါသည်။ သို့ဖြစ်၍ ဤအခွင့်အရေးများကို ထိထိမိမိဆုပ်ကိုင်ပြီး သည်ထက်မက ထိရောက်မှုရှိသော တော်လှန်ရေးလက်နက်တစ်ခုအဖြစ် အသုံးပြုသွားနိုင်ရန်အတွက် တော်လှန်ရေးကို ဦးဆောင်နေသော အဖွဲ့အစည်းများနှင့်ခေါင်းဆောင်များတွင် တာဝန်ရှိပါသည်။ သို့မှသာလျှင် ပြည်သူများနှင့် တော်လှန်ရေးရဲဘော်ရဲဘက်တို့၏ ပေးဆပ်မှုသည် ထိုက်တန်သည့်အနစ်နာခံခြင်း ဖြစ်ပေမည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ကရင်နီအမျိုးသား ခုခံတော်လှန်ရေးတစ်လျှောက်တွင် အသက်၊ ခန္ဓာ၊ အိုးအိမ်၊ စည်းစိမ်များကို စတေးလာခဲ့ကြသော တော်လှန်ရေးရဲဘော်များ၊ ခေါင်းဆောင်များနှင့် မိဘပြည်သူတို့၏ ပေးဆပ်မှုကို မှတ်တမ်းတင်ဂုဏ်ပြုသလို ခုခံတော်လှန်ရေးကို ရပ်ဝေးမှဖြစ်စေ၊ ရပ်နီးမှဖြစ်စေ အဖက်ဖက်မှ ကူညီပံ့ပိုးလျက်ရှိသော မိဘပြည်သူပေါင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ဤ (၇၄) နှစ်မြောက်ခုခံတော်လှန်ရေးနေ့ အထိမ်းအမှတ်မှ မိမိတို့အားလုံးကို သမိုင်းပေး တာဝန်များအား ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ရန်အတွက် တော်လှန်ရေးခွန်အားအသစ်များနှင့် စည်းလုံးညီညွတ်မှုတို့ကို ဆောင်ကျဉ်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤသဝဏ်လွှာကို ပေးပို့လိုက်ပါသည်။

ပါတီဗဟိုဌာနချုပ်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ။ ။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၉) ရက်